सत्यमेव जयते

**အိန္ဒိယနိုင်ငံသံရုံး ၊ ရန်ကုန်မြို့**

**မြန်မာနိုင်ငံသို့ COVISHIELD (ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး) ပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း**

**သတင်းထုတ်ပြန်ချက်**

**မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး** H.E. Mr. Saurabh Kumar **သည်** COVISHIELD **ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးယူနစ်ပေါင်း (၁.၅)သန်းကျော်အား မြန်မာနိုင်ငံကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံသို့ ယနေ့ (၂၀၂၁ခုနှစ် ဇန္နဝါရီလ ၂၂) ရက်နေ့တွင် လွှဲပြောင်း ပေးအပ်ခဲ့ပါသည်။ဤလွှဲပြောင်းပေးအပ်သောကာကွယ်ဆေးများသည် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါအားကုသရေး လုပ်ငန်းများတွင် အကူအညီဖြစ်စေရန်အတွက် အိန္ဒိယနိုင်ငံမ ှမြန်မာနိုင်ငံသို့ပေးအပ်သော လက်ဆောင် ဖြစ်ပါသည်။ ထိုသို့ပေးအပ်သည့် ကာကွယ်ဆေးများသည် ရန်ကုန်မြို့သို့ အိန္ဒိယလေကြောင်းလိုင်းမှ ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ်** AI-1234 **ဖြင့် ယနေ့နေ့လည် (၂:၃၀)အချိန်တွင် ရောက်ရှိခဲ့ပါသည်။**

**၂။ မြန်မာနိုင်ငံအပါအဝင် ကျွန်ုပ်တို့၏မိတ်ဖက်နိုင်ငံများသို့ ကာကွယ်ဆေးများထောက်ပံ့ပေးအပ်ခြင်းသည် ၂၀၂၀ ခုနှစ်တွင်ပြောကြားခဲ့သော အိန္ဒိယနိုင်ငံဝန်ကြီးချုပ်မိုဒီ၏ ကတိကဝတ်အား ဖြည့်ဆည်းဖော်ဆောင်ခြင်းဖြစ်ပါသည်။ ၂၀၂၀ ခုနှစ် ဇွန်လတွင် လန်ဒန်မြို့၌ကျင်းပခဲ့သော ကမ္ဘာလုံးဆိုင်ရာကာကွယ်ဆေး ထိပ်သီးအစည်းအဝေးတွင် ပြောကြားခဲ့သည့် ဝန်ကြီးချုပ်၏မိန့်ခွန်းတွင်လည်း "အိန္ဒိယနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးအတွက် ကြိုးပမ်းအားထုတ်မှုများတွင် ပါဝင်ဆောင်ရွက်နိုင်သည့်စွမ်းဆောင်ရည်ရှိရုံသာမက မျှဝေခြင်းနှင့်ဂရုစိုက်ခြင်းစိတ်ဓါတ်ဖြင့် ပါဝင်ဆောင်ရွက်လိုသည့် ပြင်းပြသောစိတ်ဆန္ဒရှိကြောင်း" ပြောကြားခဲ့ပါသည်။ တစ်ဖန် ၂၀၂၀ခုနှစ် စက်တင်ဘာလတွင်ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင်လည်း ဝန်ကြီးချုပ်မှ "အိန္ဒိယနိုင်ငံ၏ ကာကွယ်ဆေးထုတ်လုပ်မှုနှင့် ဖြန့်ဝေရေးစွမ်းဆောင်နိုင်စွမ်းတို့ကို ဤအကြပ်အတည်းအားတွန်းလှန်တိုက်ဖျက်ရာတွင် လူသားအားလုံးကိုကူညီပေးရန်အသုံးပြုမည်" ဟုပြောကြားခဲ့ပါသည်။**

**၃။ ယနေ့တွင် မြန်မာနိုင်ငံသို့ ကာကွယ်ဆေးများပေးပို့နိုင်သည်မှာ နှစ်နိုင်ငံအစိုးရများ၏ အဆင့်မြင့်အရာရှိများကြား ဆွေးနွေးညှိနှိုင်းမှုများ၏ အကျိုးရလဒ်ဖြစ်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ သူမ၏ နှစ်သစ်ကူးမိန့်ခွန်းတွင် မြန်မာနိုင်ငံသည်ကာကွယ်ဆေးကိုဦးစားပေးရမည့် အစုအဖွဲ့များအား ကာကွယ်ဆေးထိုးနှံခြင်းကို ဖေဖော်ဝါရီလတွင်စတင်နိုင်ရန် စီစဉ်ထားကြောင်း ပြောကြားခဲ့ပါသည်။ နှစ်နိုင်ငံအစိုးရအချင်းချင်းကြား ချိတ်ဆက်ဆောင်ရွက်ရေးနည်းလမ်းဖြင့် ရန်ကုန်မြို့သို့ ယနေ့ရောက်ရှိလာသည့် ကာကွယ်ဆေးများသည် မြန်မာနိုင်ငံအစိုးရ၏ ကာကွယ်ဆေးထိုးရေးလုပ်ငန်းစဉ်များကို စတင်နိုင်ရန်အကူအညီဖြစ်စေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည်** COVIDSHIELD **ကာကွယ်ဆေးများထုတ်လုပ်သည့်** Serum Institute of India **နှင့်လည်းကာကွယ်ဆေးများ တိုက်ရိုက်ထပ်မံဝယ်ယူရန် နားလည်မှုစာချွန်လွှာတစ်ရပ် လက်မှတ်ထိုးပြီးဖြစ်ပါသည်။**

**၄။ အိန္ဒိယနိုင်ငံကို "ကမ္ဘာ့ကြီးအတွက်ဆေးဝါးထုတ်လုပ်သူ" ဟုရည်ညွှန်းပြောဆိုကြပါသည်။ ကာကွယ်ဆေးဆိုင်ရာ ကဏ္ဍတွင် ကမ္ဘာလုံးဆိုင်ရာကာကွယ်ဆေးထုတ်လုပ်မှု၏ ၆၀%** **ထုတ်လုပ်မှုရှိပြီး တစ်နှစ်တွင် ကာကွယ်ဆေး ယူနစ်ပေါင်း**

(၁.၅) ဘီလျံဖြန့်ဖြူးလျှက်ရှိသောကြောင့် နိုင်ငံပေါင်း (၁၅၀)ကျော်သို့ အမေရိကန်ဒေါ်လာသန်း (၄၁၀) ရှိသည့်ဆေးများ တင်ပို့လျှက်ရှိပါသည်။ အိန္ဒိယနိုင်ငံသည် DPT, BCG နှင့် ဝက်သက်ရောဂါကာကွယ်ဆေးများအား အများဆုံးဖြန့်ဖြူးသည့် နိုင်ငံဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မရှိမဖြစ်လိုအပ်သော ကာကွယ်ဆေးလိုအပ်ချက်၏ ၇၀% ကိုထုတ်လုပ်နေသည့် နိုင်ငံဖြစ်ပါသည်။ အိန္ဒိယနိုင်ငံသည် ကာကွယ်ဆေးဆိုင်ရာသုတေသနနှင့် ထုတ်လုပ်ရေးကဏ္ဍတွင် ကောင်းစွာဖွံ့ဖြိုးပြီးသော ဂေဟစနစ်ရှိကာ ပုဂ္ဂလိကပိုင်နှင့်ပြည်သူပိုင်ကဏ္ဍများ၊ ဆေးဝါးဆိုင်ရာပညာရပ်နှင့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများကို တီထွင်ဆန်းသစ်မှု ရှိစေရန် တိုက်တွန်းအားပေးသော ဦးဆောင်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ကာကွယ်ဆေး ထုတ်လုပ်သည့်ကဏ္ဍ၌ အကြီးဆုံးကုမ္ပဏီဖြစ်သည့် Serum Institute of India သည် COVISHIELD ကာကွယ်ဆေး နှင့်စပ်လျဉ်း၍ AstraZeneca and Oxford University တို့နှင့် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ခဲ့ပါသည်။

၅။ လက်ရှိကာလတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးအဖြစ်စမ်းသပ်နေသည့် ဆေးအမျိုးပေါင်း (၆)မျိုးတွင် ပြည်တွင်း၌ ထုတ်လုပ်သည့်ဆေး (၃)မျိုးသည် လက်တွေ့စမ်းသပ်မှုအဆင့်တွင်ရှိပြီး အခြားကာကွယ်ဆေး (၃)မျိုးမှာ အဆင့်မြင့် လက်တွေ့ စမ်းသပ်မှုအကြိုအဆင့်တွင်ရှိနေပါသည်။ အခြားစမ်းသပ်ထုတ်လုပ်နေသည့် ကာကွယ်ဆေးအများအပြားမှာ စတင်စမ်းသပ်နေ သည့်အပိုင်းတွင်သာရှိကြပါသည်။ ကာကွယ်ဆေး (၂)မျိုးသည် ၂၀၂၁ခုနှစ် ဇန္နဝါရီလ (၂)ရက်နေ့တွင် အရေးပေါ်သုံးစွဲမှု အတွက် ခွင့်ပြုချက်ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံတွင်ရင်းနှီးမြှပ်နှံမှုပြုလုပ်ထားသည့် နိုင်ငံတကာအဆင့်မီ အိန္ဒိယနိုင်ငံ၏ ဆေးကုမ္ပဏီတစ်ခုဖြစ်သော Zydus Cadila မှစမ်းသပ်မှုပြုလုပ်နေသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး (ZyCov-D) သည် ယခုအခါ လက်တွေ့သုံးစွဲမှုဆိုင်ရာစမ်းသပ်ချက်၏ အဆင့်-၃ သို့ရောက်ရှိ နေပါသည်။

၆။ ယနေ့ကဲ့သို့ ကာကွယ်ဆေးများပို့ဆောင်မှုမပြုမီ ကြိုတင်၍ ကာကွယ်ဆေးလက်ခံရရှိသည့်နိုင်ငံများမှ နိုင်ငံတော် အဆင့်နှင့်တိုင်းဒေသကြီးအဆင့်များ၏ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းဆိုင်ရာမန်နေဂျာများ၊ အအေးခန်းအရာရှိများ၊ ဆက်သွယ်မှုအရာရှိများနှင့် သတင်းအချက်အလက်ဆိုင်ရာအရာရှိများအတွက် ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေးထိုး လုပ်ငန်းစီမံခန့်ခွဲထိမ်းသိမ်းမှုဆိုင်ရာ အကြောင်းအရာများအားပို့ချမည့် "သင်တန်းနည်းပြများ အတွက်သင်တန်း အစီအစဉ်" တစ်ရပ်ကို ၂၀၂၁ခုနှစ် ဇန္နဝါရီလ (၁၉ နှင့် ၂၀) ရက်တို့တွင် ပြုလုပ်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံသည် Partnerships for Accelerating Clinical Trials (PACT) အစီအစဉ်အရ ဆေးဝါးကုသရေးဆိုင်ရာလက်တွေ့ဆောင်ရွက်နိုင်သည့် စွမ်းရည်များ မြှင့်တင်ပေးရန်နှင့်တိုးတက်စေရန်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်။ အထူးသီးသန့် အနေဖြင့် ကပ်ရောဂါအားတိုက်ဖျက်ရန်အတွက် ကျွန်ုပ်တို့၏အတွေ့အကြုံများက ို မျှဝေပေးရန် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု(ITEC)အစီအစဉ်အောက်တွင် မိတ်ဖက်နိုင်ငံများ၏ ကျန်းမာရေးဝန်ထမ်းများနှင့် စီမံခန့်ခွဲသူများအတွက် သင်တန်းများလည်း ပို့ချလျှက်ရှိပါသည်။

၇။ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ရင်းနှီးသော အိမ်နီးချင်းမိတ်ဆွေနိုင်ငံဖြစ်ပါသည်။ ကျွန်ုပ်တို့နှစ်နိုင်ငံအကြား ပူးပေါင်း ဆောင်ရွက်မှုများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အိန္ဒိယနိုင်ငံသည် အမေရိကန်ဒေါ်လာ (၉၀၀၀၀၀) တန်ဖိုး ရှိသည့် ဆေးဘက် ဆိုင်ရာကိရိယာများ၊ စက်ပစ္စည်းများနှင့်ဆေးဝါးများအား ကျွန်ုပ်တို့၏အကူအညီပေးအပ်မှုအဖြစ် ယမန်နှစ်က မြန်မာနိုင်ငံ သို့ပေးအပ်ခဲ့ပါသည်။ တစ်ဖန် ၂၀၂၀ ခုနှစ် အောက်တိုဘာလတွင် လာရောက်ခဲ့သော ကျွန်ုပ်တို့၏ နိုင်ငံခြားရေးအတွင်းဝန်၏ ခရီးစဉ်အတွင်းတွင် Remdesivir ဆေးယူနစ်ပေါင်း (၃၀၀၀)အား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံသို့ ပေးအပ်ခဲ့ပါသည်။

၈။ ကာကွယ်ဆေးများ၊ ဆေးဝါးများနှင့်ကျန်းမာရေးဆိုင်ရာကဏ္ဍများသည် အိန္ဒိယနိုင်ငံနှင့်မြန်မာနိုင်ငံတို့ အကြားတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်သည် ကဏ္ဍများဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၏ ဆေးဝါးဆိုင်ရာကဏ္ဍသည် မြန်မာနိုင်ငံတွင် ကောင်းစွာတည်ရှိနေပြီး မြန်မာနိုင်ငံ၏ဆေးဝါးလိုအပ်ချက်များကိုသိသာစွာ ဖြည့်ဆည်းပေးလျှက်ရှိပါသည်။ နှစ်နိုင်ငံအစိုးရများသည် ဤကဲ့သို့အရေးကြီးသော ကဏ္ဍများတွင်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန် အမြဲထိတွေ့ဆောင် ရွက်လျှက်ရှိပါသည်။

အိန္ဒိယနိုင်ငံသံရုံး ၊ ရန်ကုန်မြို့။
၂၀၂၁ ခုနှစ် ၊ ဇန်နဝါရီလ (၂၂) ရက်။